# “ပြုပြင်ပြောင်းလဲတံခါးဖွင့်ဝါဒကျင့်သုံးခြင်းနှစ်(၄၀)ပြည့်”

## တရုတ်နိုင်ငံပြုပြင်ပြောင်းလဲတံခါးဖွင့်ဝါဒအပေါ် တရုတ်နိုင်ငံနေနိုင်ငံခြားသားများ၏ထင်မြင်ချက်များ

ပြီးခဲ့သောနှစ်(၄၀)အတွင်း တရုတ်နိုင်ငံက ကြီးမားသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရလဒ်များရရှိခဲ့သည်ကို အများကတွေ့မြင်ခဲ့ကြသည်။ တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုပေါ်လစီကြောင့် ကြီးမားသောပြောင်းလဲမှုများဖြစ်လာပြီး နိုင်ငံအားချမ်းသာစေရန် ပြည်သူအားကြွယ်ဝစေရန်ဖြစ်မြောက်ခဲ့သည်ကို တရုတ်နိုင်ငံနေနိုင်ငံခြားသားများစွာလည်း တွေ့မြင်ခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲတံခါးဖွင့်ပေါ်လစီကြောင့် (၁၉၈၆)ခုနှစ်ဒီဇင်ဘာလတွင် တရုတ်နိုင်ငံကိုလာရောက်ရန်ရွေးချယ်ခဲ့ကြောင်း၊ ထိုစဉ်သူ့အသက်(၂၅)နှစ်သာရှိခဲ့ပြီး တရုတ်နိုင်ငံတွင်အိမ်ထောင်ကျကာ အခြေချနေထိုင်ခဲ့ကြောင်း အမေရိကန်နိုင်ငံမှ ခန်ထာလုပေါ်ကပြောကြားသည်။ နှစ်(၄၀)ဖြတ်သန်းခဲ့ရာ တရုတ်နိုင်ငံသည်ကြီးမားသောပြောင်းလဲမှုများဖြစ်ပေါ်ပြီး ကဏ္ဍအဖက်ဖက်များတွင် သိသာထင်ရှားသောပြောင်းလဲမှုများရရှိခဲ့သည်။ “ကျွန်တော်တရုတ်နိုင်ငံကို စရောက်ခါစမှာလူတိုင်းကရှပ်အင်္ကျီအဖြူ လက်ရှည်ခဲရောင်ဒါမှမဟုတ်အပြာရောင်ကို ဝတ်ကြတယ်လေ။ ဒီတိုက်ကြီးတွေလည်း မဆောက်သေးဘူး။ ဂရိတ်ဝေါလ်ဟိုတယ်တည်ရှိရာနေရာလည်း လူသူအရောက်နည်းပါးနေခဲ့တယ်။”

ပြုပြင်ပြောင်းလဲတံခါးဖွင့်ပေါ်လစီ၏ အဆက်မပြတ်တွန်းတင်မှုကြောင့် တရုတ်နိုင်ငံ၏စီးပွားရေးသည် ပိုမိုကောင်းမွန်လာသည်။ “အခုကျွန်တော်စန်းလီတွမ်မှာလမ်းလျှောက်တဲ့အခါ တရုတ်နိုင်ငံကလူတွေက ဖက်ရှင်ကျကျဝတ်ကြတယ်။ ရောင်စုံနေတာကို တွေ့မြင်ရပါတယ်။”ဟု ခန်ထာလုပေါ်က ပြောကြားသွားသည်။

တရုတ်နိုင်ငံသည် လက်ရှိဖွံ့ဖြိုးတိုးတက်သည့်အခြေအနေကို ဆက်လက်ထိန်းသိမ်းထားပါက ပြည်သူများ၏ နေထိုင်မှုသည် ပိုမိုကောင်းမွန်လာနိုင်မည်ဟု ခန်ထာလုပေါ်ကထင်မြင်ကြောင်း ပြောကြားသွားသည်။ တရုတ်နိုင်ငံအစိုးရသည်ပြည်သူလူထု၏ အကျိုးကိုမူတည်ပြီး အလုပ်လုပ်ခြင်းဖြင့် တရုတ်နိုင်ငံကို ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိလာစေသည်။

ပြီးခဲ့တဲ့နှစ်(၄၀)အတွင်းတရုတ်နိုင်ငံသည်ပိုမိုတံခါးဖွင့်လှစ်ခဲ့သည်ဟု အီကွေဒါနိုင်ငံမှရောက်လာသည့် အမ်တုံနီက ပြောသည်။ တရုတ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မိမိ့နိုင်ငံပြည်သူများအတွက်အကျိုးပေးသည်သာမက အခြားနိုင်ငံပြည်သူများအတွက်လည်း အကျိုးပြုပါသည်။

တရုတ်နိုင်ငံ၏ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်ခြင်းပေါ်လစီသည် အီကွေဒါနိုင်ငံအတွက် အကျိုးပေးသည်ဟုအမ်တုံနီက ထင်မြင်ယူဆပါသည်။ အဆိုပါပေါ်လစီကြောင့် အီကွေဒါနိုင်ငံနှင့် တရုတ်နိုင်ငံသည် ရင်းနှီးစွာချိတ်ဆက်လာခဲ့သည်။ တရုတ်နိုင်ငံတွင်နေထိုင်ရသည်မှာ အထူးအဆင်ပြေကြောင်း အမ်တုံနီကပြောသည်။ ဥပမာ-အများအတူမျှဝေစီးနင်းစက်ဘီး၊ မိုဘိုင်းငွေပေးချေခြင်းစသည်တို့သည် လူများ၏နေထိုင်မှုကို ပိုမိုလွယ်ကူစေသည်။

ယခုတရုတ်နိုင်ငံစီးပွားရေးသည် ကမ္ဘာ့ရှေ့တန်းတွင် ရောက်ရှိနေသည်။ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကမ္ဘာကအထူးဂရုစိုက်နေသည်ဟု ဂျာမနီနိုင်ငံမှ ကျူဟာအော်က ပြောကြားသည်။ အနာဂတ်နှစ်(၂၀)တွင် တရုတ်နိုင်ငံ၏ စီးပွားရေးသည်ကမ္ဘာ့ပထမဖြစ်လာလိမ့်မည်ဟု ကျူဟာအော်ကထင်မြင်သည်။ ထို့အပြင် တရုတ်နိုင်ငံ သိပ္ပံနည်းပညာနယ်ပယ်လည်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေလျက်ရှိပါသည်။ ဥပမာ-လက်ကိုင်ဖုန်း၊ မောင်းသူမဲ့လေယာဉ်စသည့် ကုန်ပစ္စည်းများ၏ကုန်ထုတ်နှုန်းသည် ကမ္ဘာတွင်ဦးဆောင်နေပြီး တရုတ်နိုင်ငံအနေနှင့်လည်း “တရုတ်ထုတ်လုပ်ခြင်း”မှ “တရုတ်တီထွင်ခြင်း” သို့ပြောင်းလဲနေသည်မှာ အလွန်ကြီးမားသည့် တိုးတက်မှုပင်ဖြစ်ပေသည်။

တရုတ်နေ့စဉ်သတင်း

# ယူနန်တွင်ပြင်သစ်နိုင်ငံအနုပညာလက်ရာပေါင်း(၁၀၃)ခုပြသ

ယခုရက်ပိုင်းယူနန်ပြည်နယ်ပြတိုက်နှင့် ယူနန်တက္ကသိုလ်တွင် “၂၀၁၈ခုနှစ် ယူနန်- ပြင်သစ်ယဉ်ကျေးမှုသီတင်းပတ်လှုပ်ရှားမှု”ကို ကျင်းပခဲ့သည်။ ထို့အတူ “ပြင်သစ်နိုင်ငံစတိုင်လ်အနုပညာစင်တာ၊ ပဲရစ်နိုင်ငံပိုင်အဆင့်မြင့်အနုပညာကောလိပ်အထူးသိမ်းဆည်းပြပွဲ” (အောက်တွင် အထူးသိမ်းဆည်းပြပွဲဟု အတိုချုံးခေါ်ဝေါ်မည်)ကိုလည်း ဇွန်လ(၉)ရက်နေ့မှ စက်တင်ဘာလ(၉)ရက်နေ့ထိ ယူနန်ပြည်နယ်ပြတိုက်တွင် အခမ်းဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။



ယခုအကြိမ်အထူးသိမ်းဆည်းပြပွဲတွင် အနုပညာသမိုင်းတွင်အထူးအလေးပါသောဂုဏ်ဖြစ်သည့် ပြင်သစ်နိုင်ငံကောလိပ်ဂိုဏ်း၏ အထူးတောက်ပသည့် လက်ရာကိုစုဝေးပြသကြောင်းသိရသည်။ ပါဝင်ပြသသည့်လက်ရာ(၁၀၃)ခုသည် ကမ္ဘာနာမည်ကျော်ပဲရစ်နိုင်ငံပိုင် အဆင့်မြင့်အနုပညာကောလိပ်နှင့် ပြင်သစ်နိုင်ငံစတိုင်လ်အနုပညာစင်တာမှ လက်ရာများဖြစ်သည်။ ထူးချွန်သောအနုပညာရှင်တောမီနိခပ်.အမ်းကဲအယ်၏《Jupiter and Curtis》၊ အိုရမ်.တယ်လာခက်လ်ဝ၏《Francois Rabeley》၊ ခါမီအယ်.ခေါလော၏ 《အီတလီရှုမျှော်ခင်း》 စသည့် အထူးလက်ရာများပါဝင်ခင်းကျင်းပြသသည်။ ပရိသတ်များအတွက် ပြင်သစ်တော်လှန်ရေးမှ ပထမကမ္ဘာစစ်ပွဲကာလအတွင်း၏ပြင်သစ်အနုပညာနှင့် ပြင်သစ်လူမှုရေးပုံရိပ်များကို စုဝေးဖော်ပြသည်။

ယခုနှစ်အထူးသိမ်းဆည်းပြပွဲသည် တရုတ်နိုင်ငံတွင်နေရာနှစ်ခုတွင် ပြသကြောင်း တရုတ်နိုင်ငံအမျိုးသားပြတိုက်နှင့် ယူနန်ပြည်နယ်ပြတိုက်ပင်ဖြစ်ကြောင်း ဤကဲ့သို့အဆင့်မြင့်၊ အချိုးအစားကြီးမားသောပြပွဲသည် ပြည်နယ်အဆင့်ပြတိုက်တွင် ပထမဆုံးအကြိမ်ပြသခြင်းဖြစ်ကြောင်းသိရပါသည်။



ပြည်နယ်ပြတိုက်သက်ဆိုင်ရာတာဝန်ရှိသူမိတ်ဆက်ခြင်းအရသိရသည်မှာ- ယခုအကြိမ်အထူးသိမ်းဆည်းပြပွဲသည်အခမဲ့ပြသမည်ဖြစ်ပြီးပြသသောအချိန်ကာလမှာ (၃)လဖြစ်သည်။ ထို့အတူအထူးသိမ်းဆည်းပြပွဲ၏ ထိရောက်မှုကို ပိုမိုတိုးချဲ့လိုသောကြောင့် “(၂၀၁၈)ခုနှစ် ယူနန်-ပြင်သစ်ယဉ်ကျေးမှုသီတင်းပတ်”ကိုကာလတူကျင်းပမည်ဖြစ်သည်။ ယဉ်ကျေးမှုသီတင်းပတ်ကာလအတွင်း “တျမ်းဗီယက်နမ်ရထားသံလမ်းဓာတ်ပုံပြပွဲ”၊ “ယူနန်ပိုးမွှားအကောင်ဓာတ်ပုံပြပွဲ” နှင့် ပြင်သစ်ရုပ်ရှင်ပြသမှုအစီအစဉ်များကို ကူမင်းမြို့သားများအတွက် ပြင်သစ်အရသာပြည့်ဝသောယဉ်ကျေးမှုရုပ်မြင်ခံစားချက်များခံစားနိုင်စေရန် အလှည့်ကျပြသသွားမည်ဖြစ်သည်။

သတင်းထောက် ဝမ်စမ်း

# ကူမင်းအကောက်ခွန်ဌာနသည် ပြည်ဝင်ပြည်ထွက်ကုန်ပစ္စည်းဂိတ်ဖြတ်စာရင်းစာရွက်ကို ဘက်စုံဖျက်သိမ်း

တရုတ်အကောက်ခွန်ရုံးချုပ်မှ စီမံခန့်ခွဲရေးအရ ကူမင်းအကောက်ခွန်သည် 《ပြည်ဝင်/ထွက်ကုန်ပစ္စည်းဂိတ်ဖြတ်စစ်ဆေးစာရင်း》 (အောက်တွင် “ဂိတ်ဖြတ်စာရင်း”ဟု အတိုချုံးရေးသားသည်) ကို ဘက်စုံဖျက်သိမ်းကြောင်း ကူမင်းအကောက်ခွန်ဌာနမှရရှိသောသတင်းအရ သိရပါသည်။

မူရင်းစာရင်းတင်ပြသည့် ပုံစံအရ တရားဝင်သတ်မှတ်ထားသော ရောဂါစစ်ဆေးရေးတောင်းဆိုချက်နှင့် ကိုက်ညီသည့် ပို့ကုန်သွင်းကုန်များအပေါ် သွင်းထုတ်ကုန်လုပ်ငန်းများသည် မူရင်းပြည်ဝင်ထွက်ရောဂါစစ်ဆေးရေးဌာနထံမှ စစ်ဆေးရန် ဦးစွာတင်ပြပြီး ဂိတ်ဖြတ်စာရင်းရရှိပြီးမှ အကောက်ခွန်ဌာနသို့ တင်ပြရမည်ဖြစ်ကြောင်းသိရပါသည်။ မူရင်းပြည်ဝင်ထွက်ရောဂါစစ်ဆေးရေးဌာနသည် အကောက်ခွန်ဌာနအတွင်းသို့ ပေါင်းစပ်ပြီးနောက် ဌာနခြားပြီးအကြောင်းပြချက်များ ထောက်ပံ့ရန်မလိုအပ်တော့ဘဲ ဂိတ်ဖြတ်အစီအစဉ်သည် လွယ်စေအောင်ပြောင်းလဲရန်ရည်ရွယ်ထားပါသည်။ ဂိတ်ဖြတ်စာရင်းကို ဘက်စုံဖျက်သိမ်းခြင်းသည် ဂိတ်ဖြတ်အချိန်ကို အကျိုးထိရောက်စွာလျှော့နည်းစေမည်ဖြစ်ပြီးလုပ်ငန်းမှ ဂိတ်ဖြတ်အရင်းကိုလည်း လျှော့နည်းစေကာ ကုန်သွယ်ရေး၏လွယ်ကူမှုကို တွန်းတင်စေမည်ဖြစ်သည်။

သတင်းထောက် လျိုကျိုယူ